# ဒေါ်အောင်ဆန်းစုကြည် ကြေညာချက်အပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ ထောက်ခံကြိုဆို

၉ နိုဝင်ဘာ ၂၀၀၇

မစ္စတာ ဂမ်ဘာရီက ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ထုတ်ပြန်လိုက်တဲ့ကြေညာချက်ထဲမှာ တိုင်းပြည်အကျိုး ရှေ့ရှုပြီးတော့ လုပ်မယ်၊ ဒီလိုလုပ်တဲ့နေရာမှာလည်း တိုင်းရင်းသားတွေရဲ့ အလေးအနက် စဉ်းစားရမယ့်ကိစ္စ ဖြစ်တယ် ဆိုတဲ့အကြောင်း ပြောပါသေးတယ်။ တိုင်းရင်းသားတွေရဲ့ သဘောထားက ဘယ်လိုရှိပါသလဲ။ ဆက်သွယ်မေးမြန်းထားတာကို ဦးအောင်လွင်ဦးက အစီရင်ခံထားပါတယ်။

ဒီမိုကရေစီနည်းကျ သွေးစည်းညီညွတ်ရေး၊ အမျိုးသားညီညွတ်ရေးဟာ တိုင်းပြည်မှာ အသက်သွေးကြောသဖွယ် လိုအပ်နေတဲ့အချိန်မျိုးမှာ တတ်နိုင်သမျှ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးပါတီတွေရဲ့ သဘောထား အမြင်တွေ အကျိုးစီးပွားတွေကို အလေးအနက် ထည့်သွင်းစဉ်းစားရမှာ သူ့တာဝန်ဖြစ်ပါတယ်၊ အထူးသဖြင့်ဆိုရင် တိုင်းရင်းသားတွေရဲ့ သဘောထားအမြင်တွေက လိုပါတယ်ဆိုပြီးတော့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်တာပါ။ ဒီကြေညာချက် အပေါ်မှာပဲ ပြည်ပရောက် တိုင်းရင်းသားလူမျိုးစုတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ တိုင်းရင်းသား လူမျိုးများကောင်စီ **ENC** က ဒါဟာ ၁၉၄၇ ခုနှစ်က တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစိတ်ဓါတ်ကို ယောင်ပြန်ဟပ်စေတယ်လို့ ပြောဆိုရင်း ကြိုဆိုလိုက်ပါတယ်။ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မှသာ မြန်မာ့နိုင်ငံရေးပြဿနာတွေကိုပြေလည်နိုင်မှာမို့ အခုလိုကြိုဆိုရတာပါလို့ တိုင်းရင်းသား လူမျိုးများကောင်စီရဲ့ တွဲဖက် အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ဦးဒေဗစ်ထောက ပြောပါတယ်။

> "ကျနော်တို့အနေနဲ့ကတော့ စစ်အစိုးရကနေပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ စကားပြောမယ်၊ အခြေခံအချက်တွေနဲ့လက်ခံမှ ပြောမယ်ဆိုတဲ့ ကြေညာချက်ထွက်လာတဲ့အချိန်ကစပြီးတော့ ကျနော်တို့ကတော့ တွေ့ဆုံဆွေးနွေးမှုကို ဖြစ်ပေါ်စေဖို့အတွက်ကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အလေးအနက်ထားပြီးတော့ တုံ့ပြန်သင့်တယ် ဆိုတဲ့သဘောထားမျိုးကို ကျနော်တို့ ထုတ်ပြန်ကြေညာခဲ့ပြီးပါပြီ။ အဲဒီတော့ အခုလို ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တစ်နိုင်ငံလုံးရဲ့အကျိုးကို အလေးထားပြီး တွေ့ဆုံဆွေးနွေးမှုကို လုပ်မယ်ဆိုတော့ ကျနော်တို့အနေနဲ့ အများကြီးကို ထောက်ခံကြိုဆိုပါတယ်။ ဒီဟာကလည်း ဘယ်လိုပဲပြောပြော အဲဒီကနေစပြီးတော့မှသာလျှင် နိုင်ငံရဲ့ပြဿနာကို ဖြေရှင်းနိုင်မယ်လို့လည်း ကျနော် ယုံကြည်တယ်။ မတွေ့ကြ မပြောကြဘူးဆိုရင်တော့ တစ်ယောက်နဲ့တစ်ယောက်က ဘယ်လိုမှ နီးစပ်နိုင်မယ့် အနေအထားမျိုး မရှိပါဘူး။ အမျိုးမျိုး ဝေဖန်မှုတွေတော့ ရှိပါလိမ့်မယ်။ တချို့ဝေဖန်မှုတွေကတော့ ဒီလိုတွေ့ဆုံမှုဟာ သတ်မှတ်ချက်တွေရှိတဲ့အတွက်ကြောင့် မတွေ့သင့်ဘူးဆိုတဲ့အနေမျိုး ရှိကောင်းရှိပါလိမ့်မယ်။ သို့ပေမယ့် ဒါက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်ဖြစ်တဲ့အတွက်ကြောင့် အလေးအနက် ယုံကြည်တဲ့အကြောင်းကိုတော့ ပြောချင်ပါတယ်။"

တိုင်းပြည်ရဲ့လုပ်အပ်ချက်တွေနဲ့ တိုင်းရင်းသားအရေးတွေကို အလေးအနက်ထား လုပ်ဆောင်သွားမှာဖြစ်တာကြောင့်လည်း တိုင်းရင်းသားတွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုကို အပြည့်အဝပံ့ပိုးထောက်ခံသွားမှာပါလို့လည်း ဦးဒေးဗစ်ထော က ပြောပါသေးတယ်။

> "ကျနော်တို့ဖက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို အပြည့်အဝ ထောက်ခံထားပြီးဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသားအရေးကို ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာနိုင်ငံအရေးမှာ ဒီမိုကရေစီတစ်ခုတည်းမဟုတ်ဘူး၊ တိုင်းရင်းသားအရေးဟာလည်း တပြိုင်တည်းဖြေရှင်းရမယ်ဆိုတာကို သိရှိသဘောပေါက်နားလည်ထားတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် သူမရဲ့ ဖခင်လက်ထက်ကတည်းက ဒီတိုင်းရင်းသားအရေးက အရေးကြီးတယ်ဆိုတာကို၊ လုပ်သွားမယ်ဆိုတာကိုလည်း ကျနော်တို့ ယုံတယ်။ တိုင်းရင်းသားတွေရဲ့ အဓိက လိုအပ်တဲ့အချက်ကတော့ တန်းတူရေးကို အဓိကထားပြီးတော့ ပြောဆိုနေကြတဲ့အချိန် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားနယ်မြေတွေ တိုင်းရင်းသားလူမျိုးစုတွေရဲ့ နေရာတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဖွံ့ဖြိုးမှုတွေ နှောင့်နှေးကြံ့ကြာနေတဲ့ကိစ္စတွေ၊ ဒီလိုကိစ္စမျိုးကို

လည်း ကျနော် ထင်တယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သဘောပေါက်နားလည်ထားတာကြောင့် ဒီအရေးအခင်းတွေက တိုင်းရင်းသားတွေရဲ့ အရေးအခင်းတွေဖြစ်တယ်ဆိုတာကို သူ စဉ်းစားမယ် ဆိုတာလည်း ကျနော် ယုံကြည်ပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစစ်အစိုးရရဲ့ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ဆွေးနွေးမှုတွေ အစပျိုးနေတာဟာ ကောင်းတဲ့ကိစ္စဖြစ်ပေမယ့် မနေ့က ဒေါ်အောင်ဆန်းစုကြည် ကြေညာချက်ထဲမှာဖော်ပြသလို အကြိုညှိနှိုင်းဆွေးနွေးမှုအဆင့်တွေ အမြန်ဆုံး အဆုံးသတ်ပြီး အဓိပ္ပါယ်ပြည့်ဝတဲ့ အချိန်သတ်မှတ်မှုတွေပါဝင်တဲ့ ဆွေးနွေးမှုအဆင့်ကိုရောက်ဖို့ လိုတယ်လို့လည်း တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ပြောဆိုပါသေးတယ်။